သတင်းထုတ်ပြန်ချက်

British Embassy Rangoon

CHEVENING

# ဗြိတိန်အစိုးရ၏ ရှီးဗနင်း ပညာသင်ဆုအတွက် လျှောက်လွှာများကို ဩဂုတ်လ ၃ ရက်မှ စတင် လက်ခံပြီ

၂၀၁၆-၂၀၁၇ ရှီးဗနင်း ပညာသင်ဆုများအတွက် လျှောက်လွှာများကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ရက်မှ နိုဝင်ဘာလ ၃ ရက်တိုင်အောင် ရှီးဗနင်း ရုံးအဖွဲ့က www.chevening.org/apply မှတစ်ဆင့် လက်ခံလျက်ရှိပါသည်။

ခေါင်းဆောင်နိုင်စွမ်းကို ပြသနိုင်သလို ခိုင်မာသည့် ပညာရေး နောက်ခံရှိသူများအား ရှီးဗနင်း ပညာသင်ဆုများကို ပေးအပ်လျက်ရှိပါသည်။ ဗြိတိန်နိုင်ငံ၏ မည်သည့် ထိပ်တန်းတက္ကသိုလ်တွင်မဆို မဟာဘွဲ့ တက်ရောက်ရန် ငွေကြေး အထောက်အပံ့ကိုလည်းကောင်း၊ ကျောင်းသားဟောင်း ၄၄,၀၀၀ကျော် ပါဝင်သော ဩဇာကြီးမားသည့် ကမ္ဘာလုံး ဆိုင်ရာကွန်ရက်တွင် ပါဝင်နိုင်သည့် အခွင့်အလမ်းကိုလည်းကောင်း အဆိုပါ ပညာသင်ဆုက ရရှိစေပါလိမ့်မည်။

ယခုနှစ်၌ ဗြိတိန်တက္ကသိုလ်များတွင် ပညာသင်ကြားရန် ဆုရရှိသူ မြန်မာကျောင်းသား ဆယ်ဦး ရှိပါသည်။

၂၀၁၆-၁၇ ပညာသင်နှစ်အတွက် ရှီးဗနင်း ပညာသင်ဆု ၁,၅၀၀ ခန့် ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့ခေါင်းဆောင် သစ်များကို ပျိုးထောင်သွားရန် ဗြိတိန်အစိုးရ၏ သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုကို ဤပညာသင် ဆုများက ဖော်ညွှန်းလျက်ရှိပါသည်။

"ရှီးဗနင်း ပညာသင်ဆုရ ကျောင်းသားဖြစ်တာနဲ့ ကိုယ်ဟာ ဆန္ဒပြင်းပြသူ၊ အစွမ်းအစရှိသူဆိုတာကို ပြသလိုက်တာ ဖြစ်သလို ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လိုသူ ဖြစ်တာကိုလည်း ဖော်ညွှန်း နေပါတယ်။ ပညာရေးပိုင်း အတွေ့အကြုံရဖို့ ထူးခြားတဲ့ အခွင့်အလမ်းတစ်ခုအပြင် တစ်ပြိုင်နက်ထဲမှာပဲ ကိုယ့်ရဲ့ ကမ္ဘာ့အမြင်တွေ၊ လူမှုရေးအမြင်တွေကိုလည်း ပိုပွင့်လာစေနိုင်တဲ့ အခွင့်အလမ်းကိုလည်း ရသွားကြမှာပါ။ အဓိက ကတော့ ဂုဏ်လည်းရှိ၊ တာဝန်လည်း သိလာအောင် ဒီပညာသင်ဆုက ဆောင်ကြဉ်းပေး သွားမှာဖြစ်ပါတယ်။ အသိပညာနဲ့ ခေါင်းဆောင်မှုတွေအတွက် သံတမန်တွေ ဖြစ်လာအောင် ဘယ်လို လုပ်ကြ ရမယ်ဆိုတာကို ရှီးဗနင်း ပညာသင်ဆုရ ကျောင်းသားတွေ သိမှတ်လာကြစမြဲမို့ ကိုယ့်ရဲ့ မိခင်နိုင်ငံနဲ့ ဗြိတိန် နိုင်ငံကြား ဆက်ဆံရေးတည်ဆောက်ရေးမှာ ရှီးဗနင်း ပညာသင်ဆုရ ကျောင်းသားတွေရဲ့ အခန်းကဏ္ဍဟာ အင်မတန် အရေးကြီးတယ်လို့ ကျွန်တော် ယူဆပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ် ကပြောကြားခဲ့ပါသည်။

**အသေးစိတ်အချက်အလက်များ**

လျှောက်လွှာများကို ရှီးဗနင်း အင်တာနက် လျှောက်ထားမှု စနစ်ဖြစ်သော www.chevening.org/apply သို့ လျှောက်ထားကြရမည်ဖြစ်ပါသည်။

**သတင်းထုတ်ပြန်ချက်**

မြန်မာနိုင်ငံမှ လျှောက်ထားသူများသည် အောက်ပါဘာသာရပ်များအနက်မှ မည်သည့် သင်ရိုးကိုမဆို ရွေးချယ်နိုင်ကြပါသည်။

- ပဋိပက္ခဖြေရှင်းခြင်း၊ ကာကွယ်တားဆီးခြင်း (Conflict resolution and prevention)
- ဖွံ့ဖြိုးတိုးတက်ရေး ပညာ (Development studies)
- စီးပွားရေး (Economics)
- ဘဏ္ဍာရေး (Finance)
- လူ့အခွင့်အရေး ဥပဒေ (Human rights law)
- နိုင်ငံတကာ ဆက်ဆံရေး ( International relations)
- ဥပဒေ (Law)
- နိုင်ငံရေး သိပ္ပံ ( Political science)
- နိုင်ငံရေး (Politics)

သင်ရိုး၊ ဘာသာရပ်သည် လျှောက်ထားသူ၏ လက်ရှိ အလုပ်အကိုင်ရည်မှန်းချက်နှင့်ဖြစ်စေ၊ အနာဂတ် အလုပ်အကိုင် ရည်မှန်းချက်နှင့်ဖြစ်စေ ဆက်စပ်နေသင့်ပါသည်။

## အရည်အချင်း သတ်မှတ်ချက်

ရွေးချယ်ခံရသော ပညာရှင်ဆုရှင်များအားလုံးသည် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံရမည်။

- လျှောက်ထားချိန်တွင် အင်္ဂလိပ်ဘာသာစကား စွမ်းရည်အရ အနိမ့်ဆုံး အဆင့်ရှိရမည်။ ရှီးဗနင်း ပညာသင်ဆုအတွက် အနိမ့်ဆုံးအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်မှာ ပညာရပ်ဆိုင်ရာ IELTS ၆.၅ ဖြစ်စေ၊ IBT TOEFL ၇၉ ဖြစ်စေ၊ ယင်းတို့နှင့် ညီမျှသော အဆင့်ဖြစ်စေ ဖြစ်နေရမည်။ *(မြန်မာနိုင်ငံမှ လျှောက်ထားသူအားလုံးသည် အဆိုပါ အင်္ဂလိပ်ဘာသာစကား လိုအပ်ချက်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁၄ ရက်မတိုင်မီ ပြည့်မီအောင်ဆောင်ရွက်ထားကြရမည်။)*

- မိမိတို့ ရွေးချယ်ထားသော သင်ရိုးအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာ၊ အင်္ဂလိပ်ဘာသာစကားဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီရမည်။

- ပညာသင်ဆုအတွက် လျှောက်ထားချိန်တွင် မြန်မာနိုင်ငံသား ဖြစ်ရမည်ဖြစ်သလို ပညာသင်ကာလပြီးဆုံးလျှင် မြန်မာနိုင်ငံသို့ ပြန်လာရန် ရည်ရွယ်ထားသူ ဖြစ်ရမည်။

- ဗြိတိန်နိုင်ငံ၏ ဒုတိယအဆင့် ဂုဏ်ထူးတန်း ဘွဲ့ဒီဂရီကောင်းတစ်ခု၏ အဆင့်နှင့် ညီမျှသော ဘွဲ့ဒီဂရီတစ်ခုကိုင်ဆောင်ထားရမည်။

- ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် လုပ်ငန်းအတွေ့အကြုံဖြစ်စေ၊ အခြား တူညီသော အတွေ့အကြုံဖြစ်စေ အနည်းဆုံး နှစ်နှစ်ရှိရမည်။

အရည်အချင်း သတ်မှတ်ချက်နှင့် စပ်လျဉ်းသော အသေးစိတ်များကိုလည်းကောင်း၊ ပညာသင်ဆု အသေးစိတ်အချက်အလက်များကိုလည်းကောင်း သိရှိလိုပါက www.chevening.org/faqs သို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။

**ဆက်သွယ်ရန်**

ဒေါ်နွယ်နွယ်အေး ဖုန်း- ၀၁- ၃၇ ၀၈ ၆၃ သို့ဖြစ်စေ၊ အီးမေးလ် - Nwe.Aye@fco.gov.uk သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

# သတင်းထုတ်ပြန်ချက်

## စာတည်းများအတွက် မှတ်စု

ချီးဗနင်း ပညာသင်ဆုများသည် နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး (FCO)နှင့်တကွ မိတ်ဖက်အဖွဲ့အစည်းများက ငွေကြေး ထောက်ပံ့ထားသည့် အပြည်ပြည်ဆိုင်ရာ ပညာသင်ဆုအစီအစဉ် ဖြစ်ပါသည်။ ပညာသင်ဆု အများစုမှာ တစ်နှစ်တာ မဟာဘွဲ့အတွက် ဗြိတိန်တက္ကသိုလ်များတွင် တက်ရောက်နိုင်ရန် ထောက်ပံ့ခြင်း ဖြစ်ပြီး အနာဂတ် ခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၊ သဘောထားခံယူချက် ထူထောင်သူများ ဖြစ်လာနိုင်သည့် အစွမ်းအစကို ပြသနိုင်သူ လူပုဂ္ဂိုလ်များအတွက် ဖြစ်ပါသည်။

ချီးဗနင်း ကို ၁၉၈၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါတွင် ဂုဏ်သိက္ခာရှိသော အပြည်ပြည်ဆိုင်ရာ ဆုချီးမြှင့်မှု အစီအစဉ်အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ချီးဗနင်း ပညာသင်ဆုရ ကျောင်းသားများသည် (အမေရိကန်ပြည်ထောင်စု၊ ဥရောပ သမဂ္ဂတို့မှအပ) ကမ္ဘာအနှံ့ရှိ နိုင်ငံ၊ ပိုင်နက်နယ်မြေပေါင်း ၁၆၀ ကျော်မှ ဖြစ်သလို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆုပေါင်း ၁၅,၀၀ ကျော်ကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ကမ္ဘာအရပ်ရပ်တွင် ချီးဗနင်း ကျောင်းသားဟောင်းပေါင်း ၄၄,၀၀၀ ကျော် ရှိကာ သြဇာကြီးမားသလို အထူးလေးစားခံရသော ကမ္ဘာအနှံ့ ကွန်ရက်တစ်ရပ်အဖြစ် ရပ်တည်လျက် ရှိပါသည်။

ချီးဗနင်း ဟူသည့် အမည်နာမမှာ ကန့် ပြည်နယ် ဆဲဗင်းနတ်(ခ်) မြို့ရှိ ချီးဗနင်းအိမ်တော် မှ ဆင်းသက်ပါသည်။ အဆိုပါအိမ်မှာ လက်ရှိအနေအထားတွင် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ တရားဝင် ပူးတွဲ အိမ်တော်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို www.chevening.org တွင် ရယူနိုင်ပါသည်။